မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 21 , 2025 Volume 86 , Number 15

| | |
|---|---|
| ၂၁ . ၁. ၂၀၂၅ | |
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၄.၅၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၃.၁၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၈.၀၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၅၇ ကျပ် |

## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၆၉,၉၉၉ ဧက ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီး၊ အထွက်နှုန်းကောင်းသဖြင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားလျက်ရှိ




မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေရန် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် စပါး ၆၉,၉၉၉ ဧကရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ ပြီးဖြစ်ကြောင်းနှင့် အထွက်နှုန်းကောင်းသဖြင့် ဒေသခံတောင်သူများသီးနှံဝင်ငွေတိုးပွား လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၆၉,၉၄၄ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၆၉,၉၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၈၈ ဒသမ ၂၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၆၉,၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့စပါးတွေ အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းက တစ်ဧကကို ၈၈ ဒသမ ၂၃ တင်းခန့် ထွက်ရှိပါတယ်။ စပါးတွေအချိန်မီရိတ်သိမ်းခြွေလှေ့နိုင်အောင်၊ ရိတ်သိမ်းပြီးတဲ့စပါးတွေကိုလည်း အရည်အသွေးကောင်းမွန်ဖို့ အမိုးအကာအောက်မှာစနစ်တကျသိုလှောင်ထိန်းသိမ်းနိုင်အောင်တောင်သူတွေကို အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးရာသီနှင့် နွေရာသီ သီးနှံ စိုက်ပျိုးကာလတွင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့်သီးနှံဝင်ငွေတိုးပွားစေရန် ဈေးကွက်ရှိပြီး အထွက်နှုန်းကောင်းမွန်သော စပါးမျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည်။


ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အရေးကြီးသည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါး၌ စားရေးသည် ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ မဖြစ်မနေလိုအပ်သည့်အရေးကြီးကုန်ပစ္စည်းဖြစ်၍ စားရေးတွင်လုံလောက်ဖူလုံပြီး သက်သာချောင်ချိမှုရှိစေ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အရည်အသွေးကောင်းသောစပါးများ စိုက်ပျိုးထွက်ရှိစေရန် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးနိုင်ရန်ကူညီပေးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုး ပေါင်းထိုးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံတိုးတက်အောင်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဆော်ဒီအာရေဗျနိုင်ငံသို့ ရေချိုငါး တရားဝင်တင်ပို့ခွင့်ရရေး ကြိုးပမ်းနေ



ပြည်တွင်းမှာမွေးမြူထုတ်လုပ်တဲ့ ရေချိုငါးတွေကို ဆော်ဒီအာရေဗျနိုင်ငံသို့ တရားဝင်လမ်းကြောင်းကနေ တင်ပို့ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနကနေ သိရပါတယ်။

“ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ ဒီငါးတွေရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ ဆော်ဒီအာရေဗျနိုင်ငံကို မွေးမြူရေး ရေထွက်ကုန် တရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် အသင်းအဖွဲ့နဲ့ဌာနတို့ပူးပေါင်းပြီးတော့ ကြိုးပမ်းဆောင်ရွက်နေပါတယ်”လို့ ငါးလုပ်ငန်းဦးစီးဌာနကတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီလမှဒီဇင်ဘာလအထိနိုင်ငံ ၄၅ နိုင်ငံကိုရေထွက်ကုန်ပစ္စည်းတင်ပို့မှုကနေအမေရိကန်ဒေါ်လာ ၅၁၈ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

“ရေထွက်ကုန်ပစ္စည်းတင်ပို့ရာတွင်ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနဲ့ဈေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေတဲ့နိုင်ငံတစ်နိုင်ငံချင်းစီရဲ့လိုအပ်ချက်တွေပြည့်မီရေးကိုဌာနနဲ့ပို့ကုန်လုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် ရေထွက်ကုန်ပစ္စည်းတွေကို ဂျပန်နိုင်ငံ၊အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊တရုတ်(တိုင်ပေ)နဲ့ ဩစတြေးလျနိုင်ငံကို ပုံမှန်တင်ပို့နေပြီး ရေထွက်ကုန်ပစ္စည်းတင်ပို့မှုတိုးတက်ဖို့ဆောင်ရွက်နေပါတယ်”ဟု ငါးလုပ်ငန်းဦးစီးဌာနကတာဝန်ရှိသူက ပြောပါတယ်။

တရုတ်နိုင်ငံလို ရေထွက်ကုန်တွေမှာ ကိုဗစ်ပိုးမပါရှိစေရေး စစ်ဆေးမှုတင်းကျပ်တဲ့နိုင်ငံတွေကိုတင်ပို့ရာမှာဈေးကွက်လိုအပ်ချက်အတိုင်း ဆောင်ရွက်ပြီး ပို့ကုန်မလျော့ကျစေရေးကို ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရပါတယ်။

လက်ရှိမှာ ပြည်ပသို့ ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်၊ ငါးရှဥ့်၊ ပုစွန်နှင့်ကဏန်းစသည့် ရေထွက်ကုန်အမျိုးအစားတွေကို အဓိကတင်ပို့လျက်ရှိကြောင်း သိရပါတယ်။

**Source :** BETV Business

## ကျွန်း/သစ်မာ( သစ်လုံး/ခွဲသား ) တန်ချိန် ၃၇၀၀ နီးပါးကို တင်ဒါစနစ်ဖြင့် ရောင်းချမည်



မြန်မာ့သစ်လုပ်ငန်းက ကျွန်း/သစ်မာ (သစ်လုံး / ခွဲသား) တန်ချိန် ၃၇၀၀ နီးပါးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနက ကျွန်းသစ်လုံး ၃၀၀ တန်ခန့်၊ သစ်မာသစ်လုံး ၃၀၈၀ တန်ခန့်၊ကျွန်းခွဲသား ၄၁ တန်ခန့်၊ သတဖကျွန်း ၃၇ တန်ခန့်ရောင်းချမည်ဖြစ်ပြီး သစ်အခြေခံစက်မှုလုပ်ငန်းဌာနကလည်း ကျွန်းခွဲသား ၂၄၀ တန်ခန့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား) ကို ဖေဖော်ဝါရီလ ၄ ရက်၊ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ရုံးချုပ်တွင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်အသေးစိတ်သိရှိလိုပါကမြန်မာ့သစ်လုပ်ငန်း၏ဝက်ဆိုဒ်ဖြစ်သည့် www.mte.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်သလို ဖုန်းနံပါတ် ၀၁သို့ဆက်သွယ်နိုင်ကြောင်း အသိပေး ၃၇၂၆၈၈ ၃၇၂၀၂၃၊-ထားသည်။

ထို့ပြင် တိုင်းပြည်သဘာဝအရင်းအမြစ်များရေရှည်အသုံးပြုနိုင်ရန်နှင့် သစ်တောပြုန်းတီးမှုကာကွယ်ရန် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပြည်ပသို့သစ်အလုံးလိုက်တင်ပို့ခြင်းကို အစိုးရမှတားမြစ်ကန့်သတ်ခဲ့ပြီး သစ်ခွဲသားနှင့် သစ်အချောထည်ထုတ်ကုန်များတင်ပို့ခြင်းကိုမူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရန် ရည်ရွယ်၍ ခွင့်ပြုထားခြင်းဖြစ်သည်။

**Source :** https://www.popularmyanmar.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၃-၁-၂၀၂၅ မှ ၁၇-၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၂၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၄၆၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၉၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၈၀,၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၀,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop)ကွန်တိန်နာ ၁၀ လုံး(တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၀ လုံး (တန်ချိန် ၂၁၆၀)နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၁၀ လုံး(တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ငရုတ်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၀၀၀၊ မြားနီ ကျပ် ၆၅၀၀ ၊ ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၉၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၄,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၂၉၀၀ (၅၈,၀၀၀ ပိဿာ) နှင့်ငရုတ်ပုအိတ်ပေါင်း ၁၉၀ (၂၈၅၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၈၀၀ (၅၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ )

ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ဇရုတ်ရှည်အိတ်ပေါင်း ၁၀၀ (၂,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ပြီး နှင့် ဇရုတ်ပုအိတ်ပေါင်း ၁၀ (၁၅၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### မန်ကျည်းသီး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၃၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၃,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

### ထန်းလျက်၊ ကြံသကာနှင့် သကြား

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၃-၁-၂၀၂၅ မှ ၁၇-၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၅၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၅၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၇၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး မြင်းခြံလတ်ကြီးမှာ ကျပ် ၁၀၀ ဈေးကျဆင်းခဲ့သည်။

ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ)ဈေးနှုန်းများမှာ ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၁၇,၅၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၃,၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၄,၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၁၅၀ (၆၄,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၀၀၀ (၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၁၅၀ (၄,၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၆၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာယခင်အပတ်ကကားစီးရေ ၁၇ စီး (၁၀၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ ၁၈ စီး (၁၀၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ယခင်လကထက် ငါးခေါင်းပွ ပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ယခင်လကထက်ငါးခေါင်းပွပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အတွင်း ငါးခေါင်းပွပိဿာချိန် ၇၂,၀၀၀ ထိတင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါငါးခေါင်းပွတစ်ပိဿာလျှင် ငွေကျပ် ၁၁,၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

"ပန်းတနော် ဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်ယူမှုကောင်းနေလို့ တင်ပို့မှုကောင်းလာတယ်။ ဒါကြောင့် ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်" ဟု ၎င်းကပြောပြသည်။

ပန်းတနော်မြို့နယ်မှထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည်ငါးခေါင်းပွများအပါအဝင်ဒေသရေထွက်ကုန်များကိုရန်ကုန်ဈေးကွက်သို့အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## မလေးရှား၏ ၂၀၂၅ ခုနှစ် စားအုန်းဆီလက်ကျန် တန်ချိန် ၁ ဒသမ ၆ သန်းသို့ ကျဆင်းဖွယ်ရှိ

မလေးရှား စားအုန်းဆီ သိုလှောင်မှုလက်ကျန်သည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၇၁ သန်းရှိခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၆ သန်းခန့်ရှိနိုင်မည်ဟုစိုက်ခင်းနှင့်ကုန်စည်များရေးရာဝန်ကြီးဌာနလက်အောက်ရှိမလေးရှားစားအုန်းဆီဘုတ်အဖွဲ့ Malaysian Palm Oil Board MPOBက ၁၄- ၁-၂၀၂၅ ရက်နေ့တွင်ပြောကြားခဲ့ကြောင်း The Star Online သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်သည့် မလေးရှားနိုင်ငံ၏ ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်၌ တန်ချိန် ၁၉ ဒသမ ၃၄ သန်းရှိရာမှ ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁၉ ဒသမ ၅ သန်းသို့ အနည်းငယ်မြင့်တက်ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း၊ စားအုန်းဆီတင်ပို့မှုတွင်လည်း ၂၀၂၄ ခုနှစ်၌ တန်ချိန် ၁၆ ဒသမ ၉ သန်းရှိရာမှ ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁၇ ဒသမ ၃ သန်းသို့ တိုးတက်တင်

ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ စားအုန်းဆီကြမ်းဈေးနှုန်းသည် ယခင်နှစ်တွင် ပျမ်းမျှနှစ်ပိတ်ဈေးနှုန်းအဖြစ် တစ်တန်လျှင် ၄၁၂၈ ရင်းဂစ်ရှိခဲ့ပြီးယခု ၂၀၂၅ ခုနှစ်၌ ကြိုတင်အရောင်းဈေးနှုန်းများမှာတစ်တန်လျှင်ရင်းဂစ် ၄၀၀၀ မှ၄၃၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသောနည်းလမ်းဖြင့် စားအုန်းဆီလုပ်ငန်းဆောင်ရွက်ရေးဟူသည့် ကမ္ဘာလုံးဆိုင်ရာတောင်းဆိုမှုကို ဖြည့်ဆည်းနိုင်ရန်အတွက် အစိုးရအာဏာပိုင်အဖွဲ့များသည် ပြည်တွင်းစားအုန်းဆီလုပ်ငန်းများရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် MPOB ၏ ညွှန်ကြားရေးမှူးချုပ် Mr. Ahmad Parveez Ghulam Kadir က စားအုန်းဆီညီလာခံတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် စားအုန်းဆီလုပ်ငန်း၏အလားအလာမှာပိုမိုကောင်းမွန်မည်ဟုမျှော်လင့်ထားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအပေါ် စိုးရိမ်မှုများကိုဖြေရှင်းရန်အတွက် ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့်ပိုမိုရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော အနာဂတ်ကိုဖော်ဆောင်နိုင်ရန်အတွက် စားအုန်းဆီလုပ်ငန်းနယ်ပယ်အတွင်း စီးပွားရေးတည်ငြိမ်မှုနှင့် လူမှုရေးရာ တာဝန်ယူဆောင် ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Ahmad Parveez Ghulam Kadir က ပြောကြားခဲ့သည်။

**Source:TheStarOnline,14th Jan2025**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် စံချိန်တင်မြင့်တက်ခဲ့

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းတန်ဖိုးသည် ၂၀၂၄ ခုနှစ်တွင် ယွမ် ၄၃ ဒသမ ၈၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၈ ထရီလီယံ)အထိစံချိန်တင်မြင့်တက်ခဲ့ပြီးတစ်နှစ်ထက်တစ်နှစ် ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ စာရင်းဇယားများအရ သိရသည်။

တရုတ်နိုင်ငံ၏ပို့ကုန်ပမာဏသည် ယွမ်၂၅ ဒသမ၄၅ ထရီလီယံရှိပြီး ယခင်နှစ်ကထက် ၇ ဒသမ ၁ ရာခိုင်နှုန်းတိုးမြင့်လာ ကာ သွင်းကုန်စုစုပေါင်းမှာ ယွမ် ၁၈ ဒသမ ၃၉ ထရီလီယံဖြစ်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

တရုတ်နိုင်ငံသည်ကမ္ဘာ့အကြီးဆုံးကုန်စည်ကုန်သွယ်သည့်နိုင်ငံအဖြစ်ဆက်လက်ရပ်တည်လျက်ရှိကြောင်းနှင့်နိုင်ငံနှင့်ဒေသပေါင်း ၁၅၀ ကျော်၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်လာကြောင်း GACC က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ တင်ပို့ တင်သွင်းသည့် ကုန်ပစ္စည်းများကို အရည်အသွေး ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်တင်ထားကြောင်း GACC ၏ ဒုတိယဝန်ကြီး Wang Lingjun က ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ နည်းပညာမြင့်ထုတ်ကုန်များကုန်သွယ်မှုသည်အရှိန်အဟုန်ဖြင့်မြင့်တက်လျက်ရှိကြောင်းနှင့်ကိုယ်ပိုင် အမှတ်တံဆိပ်ဖြင့် ထုတ်ကုန်များတင်ပို့ရောင်းချမှုသည် စံချိန်သစ်တစ်ခုသို့ ရောက်ရှိခဲ့ပြီးနယ်စပ်ဖြတ်ကျော် e - commerce ကဲ့သို့သောလုပ်ငန်းပုံစံသစ်များ ကြီးထွားလာခဲ့ကြောင်းပေကျင်းမြို့တွင်ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် Wang က အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

**Source: https://www.chinadaily.com.cn/a/202501/13/WS678474f8a310f1265a1da6cb.html**

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

**https://myantrade.gov.mm/**

## ဗီယက်နမ်နိုင်ငံသည် ဥရောပ ၃ နိုင်ငံမှ နိုင်ငံသားများကို မတ်လမှစတင်၍ ဗီဇာကင်းလွတ်ခွင့်ပေးသွားမည်

ဗီယက်နမ်နိုင်ငံသည် ပိုလန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ခရီးသွား ဧည့်သည်များကို ၂၀၂၅ ခုနှစ် မတ်လ မှစတင်၍ ဗီဇာကင်းလွတ်မည်ဖြစ်ကြောင်း အစိုးရသတင်းတွင် ဖော်ပြခဲ့သည်။

၎င်းသည် ဇန်နဝါရီလ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သော ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ အစိုးရဆုံးဖြတ်ချက် အမှတ် 11 NQ CP ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီးယခုနှစ်အတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန်ကြိုးပမ်းမှုဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါမူဝါဒအသစ်အား ဗီယက်နမ်နိုင်ငံရှိနိုင်ငံတကာခရီးသွားဝန်ဆောင်မှုပေးသူများ စီစဉ်သည့် ခရီးစဉ်များအတွက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပိုလန်၊ချက်သမ္မတနိုင်ငံနှင့်ဆွစ်ဇာလန်နိုင်ငံသားများအား ဝင်ခွင့်ရရှိသည့်နေ့မှ ၄၅ ရက်အထိ ယာယီနေထိုင်နိုင်ရန်အတွက် ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံသည် နိုင်ငံပေါင်း ၁၃ နိုင်ငံဖြစ်သည့် ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဗြိတိန်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ၊ ဖင်လန်နှင့်ဘီလာရုစ်နိုင်ငံတို့မှ နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ဝင်ရောက်သည့်နေ့မှ ၄၅ ရက်အထိ ဗီဇာမလိုဘဲ နေထိုင်ခွင့်ပေးထားကြောင်း ဖော်ပြထားသည်။

**Source: Vietnam Plus**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့**

https://myantrade.gov.mm/

## အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal က ၅ နှစ်အတွင်း နှင်းတန်ချိန် သိန်း ၂၀ အထိ နှစ်ဆတိုးတက်ထုတ်လုပ်နိုင်ရန် ပြောကြား

အိန္ဒိယ၊ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Piyush Goyal က အမျိုးသားနှင်းဘုတ်အဖွဲ့သည်လာမည့်ငါးနှစ် အတွင်း ပို့ကုန်မြှင့်တင်ရန်နှင့် တန်ချိန် သိန်း ၂၀ ခန့်အထိ ထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံတကာတွင်ဈေးကွက်သစ်များဖွံ့ဖြိုး တိုးတက်စေရန်ကူညီပေးမည်ဖြစ်ကြောင်း၊ထုတ်ကုန်အသစ်များအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ကာ တန်ဖိုး မြှင့်နှင်းထွက်ကုန်များအတွက်နိုင်ငံ၏မိရိုးဖလာအသိပညာများဖွံ့ဖြိုးတိုးတက်စေမည်ဟု အမျိုးသားနှင်းဘုတ်အဖွဲ့၏ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယသည် ကမ္ဘာ့နှင်းထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပါကြောင်း၊လာမည့်ငါးနှစ်အတွင်း ထုတ်လုပ်မှုကိုတန်ချိန် ၂၀ သိန်းအထိ နှစ်ဆတိုးဖို့ ကြိုးစားနေပါကြောင်း ဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် အောက်တိုဘာလတွင်အမျိုးသားနှင်းဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုထုတ်ပြန်ကြေညာခဲ့ ကြောင်းနှင့်ယင်းသည် နိုင်ငံအတွင်း နှင်းနှင့်နှင်းထွက်ကုန်များဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ အိန္ဒိယသည် ကမ္ဘာပေါ်တွင် နှင်းထုတ်လုပ်သူ၊ စားသုံးသူနှင့် အများဆုံးတင်ပို့သူဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ်တွင် အိန္ဒိယ၌နှင်းစိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၂၄ သိန်းရှိပြီး တန်ချိန် ၁၁ ဒသမ ၆၁ သိန်း ထွက်ရှိ ခဲ့ကြောင်း၊ နှင်း အမျိုးပေါင်း ၃၀ ကျော်ကို အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးပြီး နိုင်ငံတွင်းရှိ ပြည်နယ် ၂၀ ကျော်တွင် စိုက်ပျိုးကြောင်း၊ နှင်းအများဆုံးထုတ်လုပ်သော ပြည်နယ်များမှာ Maharashtra၊ Telangana၊ Karnataka နှင့် Tamil Nadu တို့ဖြစ်ကြောင်းနှင့် အိန္ဒိယသည်ကမ္ဘာ့နှင်းကုန်သွယ်မှု၏ ၆၂ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှနှင်းနှင့်နှင်းထွက်ကုန်တန်ချိန် ၁ ဒသမ ၅၃၄ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂၀၇ ဒသမ ၄၅ သန်းကို တင်ပို့သူ ၃၈၀ ကျော်က တင်ပို့နိုင်ခဲ့ကြောင်း၊ အဓိကတင်ပို့သည့်ဈေးကွက်များမှာ ဘင်္ဂလား ဒေ့ရှ်၊ ယူအေအီး၊ အမေရိကန်နှင့် မလေးရှားတို့ဖြစ်ကြောင်း သိရသည်။

ဘုတ်အဖွဲ့၏အာရုံစိုက်လုပ်ဆောင်မှုများနှင့်အတူနနွင်းတင်ပို့မှုသည် ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ ရှိလာမည်ဟု ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက သိရသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံတွင် နနွင်းထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့်နိုင်ငံတကာဈေးကွက်ရှာဖွေရရှိရေးတို့အတွက် အမျိုးသားနနွင်းဘုတ်အဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း အလားအလာရှိသည့် ထုတ်ကုန်များအတွက် သီးခြားအစုအဖွဲ့များဖွဲ့စည်းပြီး ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းတောင်သူများအတွက် နည်းပညာအကူအညီများ၊သင်တန်းပေးခြင်းများနှင့် နိုင်ငံတကာဈေးကွက်ရှာဖွေခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**Source: Looking to double turmeric production to 20 lakh tonnes in 5 years, says Commerce Minister Piyush Goyal, The Economic Times, 14 January 2025.**

**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (21.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,008 (Shares) | 15,139,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 279 | 2,232,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,150 | 3,150 | 3,150 | 168 | 529,200 | 38,929,150 | 122,627 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,000 | 50 | 405,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,850 | 515 | 953,500 | 29,664,613 | 56,363 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 1,106 | 3,534,150 | 12,823,224 | 41,034 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 1,691 | 2,813,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | +200 | +5.00% | 4,000 | 4,200 | 4,000 | 987 | 3,983,600 | 10,497,598 | 44,090 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 212 | 689,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.35 | -1.67 | -0.43% | 384.71 | 386.35 | 382.17 | 5,008 | 15,139,450 | 8 | 728,727 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Jan. 2025

| Trading Volume | Trading Value |
|---|---|
| 5,008 (Shares) | 15,139,450 (MMK) |

## Main Board

As of 1:00 pm, 21st Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,008 (Shares) | 15,139,450 (MMK) |

| MYANPIX | 386.35 ▼ 1.67 |
|---|---|
| Total Volume (shares) | 5,008 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 728,727 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,200 | ▲ 200 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR